
ဒေါင်ဒေယျ (၄၆)



မောင်သန်းဆွေ(ထားဝယ်)နှင့်ဦးမြင့်ကြွေ(အောင်မိုးဆောင်း)တို့၏အမှာစာနှင့်အတူ

အမှာစာ

ကျွန်တော်ညောင်နှစ်ပင်တွင် အမျိုးသားညီလာခံ တက်စဉ်ကတည်းက ဦးစောထားလုံနှင့် သိကျွမ်းခဲ့ ပါသည်။ ကျွန်တော်က တနင်္သာရီတိုင်း၊ ထားဝယ်မှ တိုင်းရင်းသားကိုယ်စားလှယ်ဖြစ်ပြီး၊ သူက ကရင်ပြည်နယ်၊ ဖားအံမှ တိုင်းရင်းသားကိုယ်စားလှယ် ဖြစ်မည်ထင်ပါသည်။

ညောင်နှစ်ပင် အမျိုးသားညီလာခံတွင် နေ့စဉ်ထုတ်သတင်းလွှာ ဟုရှိပါသည်။ ထိုသတင်းလွှာတွင် ဦးစောထားလုံကလည်း ဝတ္ထု၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါးတို့ ရေးသားခဲ့၍ ကျွန်တော်ကလည်း ပါဝင် ရေးသားသဖြင့် တစ်ဦးနှင့်တစ်ဦး ရင်းနှီးခဲ့ရခြင်းဖြစ်သည်။ ယခုအနေဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဒုတိ ယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရမှ ဦးစောထားလုံသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေ သနဦးစီးဌာနခွဲ (၁၉၉၂)ခုမှ (၂၀၁၀) အထိ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ထမ်းဆောင်သွားခဲ့သည်ကို သိရ ပါသည်။ ယခုနှစ်အတွင်း မွန်ပြည်နယ်၌ ကျွန်တော်တို့ဝန်ကြီးဌာနမှ သုဝဏ္ဏဘူမိ စာတမ်းဖတ်ကြားပွဲ ကျင်းပ သည်။ ဖတ်ကြားပွဲပြီးနောက် ရှေးဟောင်းသုတေသနဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးကျော်လွင်နှင့် ကရင်ပြည်နယ်အစပ်မှ ကော့ဂွန်ဂူး၊ ဘုရင့်ညီဂူ စသည်တို့ကို လိုက်လံစစ်ဆေးသည့်အခါ ဦးစောထားလုံက ကရင် ပြည်နယ်အစပ်တွင် လာရောက်တွေ့ဆုံပြီး လိုက်ပါပို့ဆောင်ခဲ့ပါသည်။

မကြာသေးမီကမူ ကျွန်တော်ထံ “ ကတ္တားနှင့် ကံကြားမှ ကြိယာရိုင်းများ” လုံးချင်းဝတ္ထု စာအုပ်ကို ပို့ လိုက်မှ ကျွန်တော်သည် “ဂျင့်” ဆိုသူမှာ ဦးစောထားလုံ ဖြစ်နေကြောင်း သိရပါသည်။ ယခုလည်း သူရေး သည့် “အောင်ဇေယျ (၄၆) ” စာမူကြိုးကို ကျွန်တော့်ထံ စာတစ်စောင်နှင့် ပို့လိုက်ပါသည်။ သူ၏ ဒုတိယလုံး ချင်း စာအုပ်ဖြစ်သည်ဟု ဆိုပါသည်။ ကျွန်တော့်အား မအားမလပ်သည့်ကြားမှပင် အမှတ်တရအမှာစာရေး ပေးရန် တောင်းပန်၍

အကူအညီတောင်းခံထားသောစာ ဖြစ်သည်။ ညောင်နှစ်ပင်ကတည်းကပင် သူ၏ ခင်မင်စရာကောင်းသော အပြုံးနှင့် ရိုင်ပင်းကူညီမှု၊ ယဉ်ကျေးသိမ်မွေ့မှုတို့ကြောင့် ရင်နှီးခင်မင်ခဲ့ရသဖြင့် ကရင် အမျိုးသား ညီလေးတစ်ယောက်၏ အကူအညီတောင်းမှုကို မငြင်းပယ်ရက်ပါ။ ခါတိုင်ဆိုလျှင် သူ၏ စာမူကို တစ်ထိုင်တည်းပင် ဖတ်လိုက်ပေမည်။ ယခုမူ အကြိမ်ကြိမ် ပြတ်တောင်း၊ ပြတ်တောင်း ဖတ်ခဲ့ရပါသည်။

စာရေးဆရာ “ဂျင့်” အမည်ခံ ဦးစောထားလုံ၏ ပထမလုံးချင်းစာအုပ်ဖြစ်သော “ကတ္တားနှင့် ကံကြားမှ ကြိယာရိုင်းများ” ကတည်းက သမားရိုးကျ ရေးရိုးရေးစဉ်ဖြစ်သည့် အချစ်ဇာတ်လမ်းမျိုး မဟုတ်ဘဲ၊ လိင်တူ အချစ်အကြောင်းကို ရေးသားထားသဖြင့် ကျွန်တော့်အနေဖြင့် အံ့သြရပါသည်။ ဤကဲ့သို့ အကြောင်း များကို ဆေးပညာစာအုပ်များမှလွဲ၍ လုံးချင်းဝတ္ထုအဖြစ် မရေးကြသလောက် ဖြစ်ပါသည်။

ယခုလည်း သူပို့လိုက်သည့် “အောင်ဇေယျ (၄၆)” စာအုပ်မှာ အလောင်းမင်းတရားကြီး ဦးအောင် ဇေယျအကြောင်းပင် ဖြစ်သည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက သက်တော် ၄၆-နှစ်အထိ နေတော်မူရသဖြင့် ထို ၄၆ နှစ်အတိုင်းအတာအတွင်းဝတ္ထုသဏ္ဌာန်ရေးသားတင်ပြခြင်းကို “အောင်ဇေယျ (၄၆)” ဟု အည်မှည့်ခေါ်ခြင်း ဖြစ်သည်။

အလောင်းမင်းတရားကြီး ဦးအောင်ဇေယျအကြောင်းကို သမိုင်းစာရေးဆရာများ တော်တော်များများ က ရေးသားခဲ့ကြပြီးပါပြီ။ သို့သော် ဆရာဂျင့်၏ ရေးသားမှုမှာ ဝတ္ထုသဏ္ဌာန်ဖြစ်သော်လည်း သူများနှင့်မတူ တစ်မူထူးခြားနေသည်။

သူ့စာအုပ်၏ အစတွင် ဖော်ပြထားသည်တွင် သူလုပ်သက်ပြည့် ပင်စင်ယူပြီးနောက် သူ့ဖခင်ဇာတိ ဖြစ်သော ဘားအံမြို့နယ်၊ ဆင်ကျုံးကျေးရွာသို့ အလည်သွားရောက်ခဲ့ကြောင်း ထိုကျေးရွာတွင် ကရင်အဘိုး ကြီးတစ်ဦး

ရောက်ရှိလာပြီး ဟောင်းနွမ်းနေသော ပေစာတစ်ထုပ်ပေးခဲ့ကြောင်း၊ ထိုပေစာကို ဖတ်ကြည့်ရာ တွင် ရှင်နန္ဒမာလာဆိုသူက ဒဏ္ဍာရီဆန်သည့် မှတ်တမ်းသဘော၊ ဒိုင်ယာရီသဘော ရေးသားချက်များကို တွေ့ရကြောင်း၊ သို့ကြောင့် မျက်မှောက်ခေတ်ကာလအနေအထားနှင့်ကြည့်လျှင် အမှန်အကန်လား၊ ယုတ္တိတန်လား မတန်လား၊ စိတ်ကူးယဉ်ဆန်လွန်းနေသလား၊ ဖြစ်နိုင်သလား၊ မဖြစ်နိုင်သလားဆိုသည်များကို ကိုယ်ပိုင်ဦးနှောက်ဖြင့် ဆုံးဖြတ်စေလိုပါသည်ဟု ရေးသားဖော်ပြထားသည်။

သို့သော် သူကိုးကားသည့် ပေစာထုပ်မှာ ပျောက်ဆုံးသွားခဲ့ရကြောင်း အစဖျောက်ထားလိုက်သည်။ ဤသို့ ရေးသားမှုများသည် ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးဒဂုန်ရွှေများတို့ လုပ်နေကျပုံပင် ဖြစ်ပါသည်။

ရှင်နန္ဒမာလာ လူဘဝက မုဆိုးဘိုမှ မင်းညိုစံနှင့် သူငယ်ချင်းဖြစ်သည်။ သို့ကြောင့် မင်းညိုစံ၏ သား တော် အောင်ဇေယျနှင့် သူ၏ သား အောင်နေယျ(ကလိထူး)တို့သည်လည်း ညီအစ်ကိုရင်းတစ်မျှ ချစ်ကြ သည့် သူငယ်ချင်းများဖြစ်ခဲ့သည်။ သို့ဖြစ်၍ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျဘဝဖြစ်စဉ်တွင် ငယ် သူငယ်ချင်း အောင်နေယျ(ကလိထူး) ပါဝင်လာသည်။ အောင်နေယျက မြန်မာဆေးဆရာကြီး ဖြစ်လာသည်။ ဆေးဆရာကြီးအောင်နေယျအဖြစ် အောင်ဇေယျဘဝတွင် တွဲပါလာ၏ ။ ထို့ကြောင့် ငခင်ညိုနှင့်ကိစ္စ၊ နန်းမြို့ တော်တည်ဆောက်ခြင်းကိစ္စ၊ ရန်ကုန်သို့ စုန်တော်မူခြင်းကိစ္စ၊ ယိုးဒယားသို့ ချီတော်မူခြင်းကိစ္စ၊ ထားဝယ်သို့ ရောက်တော်မူခြင်းကိစ္စ၊ ယိုးဒယားမှ ပြန်အလှည့်တွင် နတ်ပြည်စံတော်မူခြင်းကိစ္စတို့ကို ဖော်ပြနိုင်ခဲ့ခြင်းဖြစ် သည်။

ဦးအောင်ဇေယျ စာပနပွဲကြီး ပြီးသွားသည်နှင့်အတူ ငယ်သူငယ်ချင်းအောင်နေယျ(ကလိထူး)သည် လည်း ပျောက်သွားသည် ဆို၏ ။

ဤဇာတ်လမ်းတွင် ရွှေဘိုမှ တပ်မှူးလေးသီဟနှင့် ဆင်ကျုံးရွာသူ

နန်းဝါးဝါးတို့အကြောင်း၊ ကော့ဂွန်းဂူ နှင့် ဇင်းကျိုက်တောင်တို့မှ သိုက်နန်းရှင်မမင်းစိန်အကြောင်းတို့ကို အလျဉ်းသင့်သလို ဖော်ပြခဲ့ပြီး ပရလော က တကယ်ရှိမရှိ၊ ဥစ္စာစောင့်များ တကယ်ရှိမရှိ ပြဿနာကိုလည်း ဖော်ထားသည်ကို တွေ့ရသည်။

စာရေးသူအကြိုက်ဆုံးမှာ အလောင်းမင်းတရား ဦးအောင်ဇေယျ၏ ငချစ်ညို၊ ဗိုလ်တွန်တို့နှင့် အိပ်မက်ခန်းဖြစ်သည်။

ဆရာဂျင့် ရေးသားပြုစုခဲ့သည့် ဤစာအုပ်မှာ တစ်မူထူးခြားသော ဗဟုသုတပညာပေးစာအုပ်ဖြစ် သည်ဟု ကောက်ချက်ချချင်ပါသည်။

မောင်သန်းဆွေ(ထားဝယ်)

၁၃၇၅-ခု၊ တန်ဆောင်မုန်းလဖြည့်ကျော် (၁၁)ရက်၊ နံနက် (၁၁)နာရီတိတိအချိန်။

*

အမှာစာ

ဦးမြင့်ကြိုင် (အောင်မိုးဆောင်း)၏ တည်းဖြတ်အမှာစာ။

လူသားတို့၏ သဘောသဘာဝသည် သိချင်သည့်စိတ်ထားမျိုး ရှိနေတတ်ကြသည်သာ ဖြစ်သည်။ အထူးသဖြင့် သတင်းထောက်တို့၏ ဘခြောက်လုံးအလား မေးပါများစကားရ၊ သွားပါများ ကိုယ်တွေ့သိ၊ မအိပ်မနေ စိတ်မလေခြင်းကြောင့် ပေါက်သည့်သတင်း၊ စိတ်ဝင်စားကြမည့် သတင်းတွေကား များပါဘိပဲ မဟုတ်လား။

ရသစာပေတွေရေးသူ ထုတ်ဝေရောင်းချသူတွေ နည်းပါးလာလေသတဲ့ ... ဟုတ်နိုင်ပါရဲ့လား၊ တကယ်အမှန်ပဲတဲ့လား။ သတင်းအချက်အလက် ပေါက်တဲ့ကာလမှာ ဒီမိုကရေစီရခါစ နိုင်ငံဖြစ်၍ များ နိုင်ငံ ရေးစာတွေကိုသာ ရေးသူပိုရှိလာကြ၍ ရောင်းသူ၊ ဖတ်သူ၊ သိချင်သူတွေ ပိုမိုများပြားလာလေခြင်းလား (စာပေကင်ပေတိုင်ခေါ် ဆင်ဆာဖြတ်အဖွဲ့ကြောင့် နိုင်ငံရေးစာပေကဏ္ဍ နှစ်လေးဆယ်မျှ လျှောကျခဲ့ရာ ယခုအခါ စာပေစိစစ်ရေးလည်း မရှိတော့သဖြင့် စာပေလွတ်လပ်ခွင့် တကယ်ရှိလာလေပြီလား၊ စကားချပ်။)

လူဟူသော သိချင်စိတ်ရှိတတ်သူတို့သည် ခံစားခြင်းရသများ ရှိထားတတ်ကြသည်သာ ဖြစ်ပါသည်။ သတင်းအချက်အလက် သိလာခြင်းနှင့် ရသစာများကို ခံစားနားလည်လာခြင်းမျိုးကား မတူနိုင်ပါလေ။ သို့ဖြစ်ပါ၍ ဂတ္ထုတို/ ရှည်တို့သည် ကျွန်တော်တို့ မြန်မာစာပေနယ်၌ ပသို့ရေးဖတ်သူနည်း၊ ရောင်းဝယ်နည်းပါး လာလည်း မပျောက်ကွယ်ဘဲ ရှိလာခဲ့သည်မှာ နှစ်ပေါင်း (၁၁၀) (မြန်မာ့ပထမဦးဆုံး ကာလပေါ်ဂတ္ထုအစ ၁၉၀၄-ခုနှစ်မှတွက်သော် နှစ်ပေါင်းရာကျော်ရှိလာပြီပဲ မဟုတ်လား။)

၂၁-ရာစု၏ ယနေ့ မြန်မာစာပေလောကတွင် နိုင်ငံရေးစာပေသည် ဒီမိုကရေစီနှင့် သတင်းအချက် အလက်ပေါက်ကွဲမှုများကြောင့် ရေးသူဖတ်သူ

များလာငြားလည်း ဂထ္ထုတို/ရှည်တို့၏ ရသပေးနိုင်စွမ်းကား အံ့မခန်းသော ထူးဆန်းမှု၊ အံ့သြမှု၊ လှိုက်လှဲဖွယ် ဂမ္ဘီရနှင့် နာနာဘာဂတစ္ဆေ၊ စုန်းကဝေ၊ ဥစ္စာစောင့် တို့ဖြင့် ၁၉၃၀-၄၀ နှင့် ၁၉၅၀-၇၀ ကာလကဲ့သို့ စာပေသံသရာ တစ်ပတ်လည်စွာဖြင့် ရေးဖတ်သူတွေ များ လာပါဘိပဲ မဟုတ်လား။

တွေ့ချစ်ကွဲညား သာမန်အချစ်သက်သက် ဂထ္ထုတို/ရှည်များထက် ယနေ့မြန်မာဂထ္ထု အများစုတွင် တဏှာရနံ့ သင်းပျံ့စေခြင်း (မက်လုံးပေးခြင်း) နည်းတစ်နည်းဖြင့် စာဖတ်သူတွေ သိချင်၊ ခံစားစေချင်သော ရေးနည်းတစ်မျိုးကား ခေတ်မကုန်စေသော ဂထ္ထုရေးနည်းတစ်ခုတဲ့လား။ တဏှာဆိုသော တပ်မက်ခြင်းနှင့် ကာမတဏှာစာမျိုးထက် အချစ်၏ ရသများ၊ သိဂ်ါရသ၏ သစ္စာမေတ္တာအဘိမဟာ စသည်ဖြင့် လူသားတို့၏ ဘဂလောကကို ရေးပြသော စာအမျိုးမျိုးတို့သည် အဆိုးမြင် မကောင်းထင်စရာ မဖြစ်သင့်အပ်ဘဲ စာရေး တတ်သူ (စာရေးဆရာ)တို့ကိုသာ အဆင့်ခွဲခြား သတ်မှတ်နိုင်ကြလိမ့်မည် ထင်သည်။ အဆိုပါ တဏှာရနံ့ ရသသဘောထားပါ မက်လုံးပေး ဂထ္ထုများ၌ ပင်လျှင် သိချင်စိတ်ကို အစပြ၊ အလယ်ဖုံး၊ အဆုံးဖွင့်ချပြတတ် ကြသည့် ဂထ္ထုတို့ကား ကျွန်တော်တို့ မြန်မာဂထ္ထုလောက၌ များစွာရှိခဲ့ဖူးပါသည်။ ဥပမာ - စာရေးဆရာ သိန်းဖေမြင့်၏ ပင်လယ်ခရီးသွား အဏ္ဏဝါခရီးသည်နှင့် ပုလဲဒေဂီ ဂထ္ထုတွင် ရေသူမဏာတ်ကောင်ကို ဇန်းပြ (မက်လုံးပေး) ရေးချလိုက်ခြင်းဖြင့် စာဖတ်သူတို့၏ သိချင်စိတ်ကို အဆုံးအထိ ဆွဲဆောင်နိုင်ခဲ့သည် မဟုတ်လော။

အစိုးရဝန်ထမ်းဘဂမှ အငြိမ်းစားယူပြီးနောက်တွင် ရသ၊ ကဗျာ၊ စာများရေးသားခြင်းထက် စာဖတ်မှတ်ခြင်း၊ စာကြည့်တိုက်ပညာရပ်ဆိုင်ရာ စာသင်ပြခြင်း၊ စာစစ်ခြင်းများနှင့်အတူ လုံးချင်း စာအုပ်ထုတ်ဝေရေး ကဏ္ဍတွင်လည်း တတ်အားသမျှ စာမူစီစစ်ပေးရသော တာဝန်တစ်ရပ်ကိုပါ အခါအားလျော်စွာ လုပ်ဆောင် ပေးရပါသည်။ စာဖတ်မှတ်ခြင်းတွင်ပင် ဏာတ်လမ်းသိသာ ထားမှုကြောင့် ရာဇဝင်ဂထ္ထု၊ သမိုင်းနောက်ခံ (ဖြစ်ရပ်မှန်၊

မမှန်ကား တစ်ကယ္လွသက်သက်ပါ) ဝတ္ထုအများစုကို စိတ်ဝင်စားစရာမရှိတတ်၍ မဖတ်ချင်၊ မဖတ်ဖြစ်ခဲ့သည်မှာတော့ အတော်လေး ကြာခဲ့ပါပကောလား။ ဤကာလများတွင် "ဂျင့်" ကလောင်အမည်ရှင် ခင်မင်ရင်းနှီးသူတစ်ဦး၏ အောင်ဇေယျ (၄၆) အမည်ရှိ စာတစ်အုပ်အတွက် တည်းဖြတ်အမှာစာတစ်ပုဒ်ပြုလုပ်ပေးရန် မေတ္တာရပ်ခံချက်ကြောင့် အောက်ပါအမှာစာလေးကို ရေးပြပါရစေ။

ဂျင့်ကလောင်ရှင်ကို အမျိုးသားညီလာခံ နေ့စဉ်ထုတ်သတင်းလွှာတွင် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ကာတွန်းများကို (စောထားလုံ၊ လူကြီး၊ လူကောင်း၊ မို့လို့၊ မောင့်ကို၊ ချစ်ပါကွယ်၊ ချန့်) ကလောင်ခွဲ (၇)ခုဖြင့် ပုဒ်ရေ (၁၂၀)မျှ ရေးထုတ်နိုင်ခဲ့သူ "ကတ္တားနှင့် ကံကြားမှ ကြိယာရိုင်းများ" ကနဦးဆုံးလုံးချင်းဝတ္ထုအဖြစ် လည်း လိင်တူအချစ် ဂေးတို့၏ ဇာတ်လမ်းကို အံ့မခန်းဖြစ်စဖွယ် ရေးထုတ်အောင်မြင်ခဲ့သူဟု မှတ်ယူထားပါ သည်။ ဂျင့်ဟူသည် မိမိတတ်အားသမျှဖြင့် ကူညီပံ့ပိုးပေးခဲ့သူ (တစ်နည်းအားဖြင့် မိမိ၏ တပည့်ဝန်ထမ်းတစ်ဦး ဖြစ်ခဲ့သည်နှင့်အညီ) ဖြစ်၍ လည်း အောင်ဇေယျ(၄၆)ဟူသော စာအုပ်အတွက် အဘယ့်ကြောင့် မကူညီမထောက်ပံ့ရပါမည်နည်း။

မြန်မာ့သမိုင်းဖြစ်စဉ်တွင် ဘုရင့်နောင်(တောင်ငူခေတ်)နှင့် အလောင်းဘုရား (ကုန်းဘောင်ခေတ်)ဟူ သော သတ္တိပြောင်မြောက် မင်းနှစ်ပါးကား ရှာမှရှားသည့် သူရဲကောင်းမင်းမြတ် မဟုတ်လား။ အောင်ဇေယျ ဟူသည် အလောင်းဘုရား (အလောင်းမင်းတရား)၏ လူသားအမည်၊ ခင်ယွန်းစံ၏ ချစ်လင်၊ လက်ရုံးမီး တောက်သူ ကုန်းဘောင်ခေတ်ဦး၏ ပါဝါအာဏာရှင် ဘုရင်မင်းမြတ် မဟုတ်လား။ အသက်အရွယ် (၄၆)နှစ် တွင် ဒုံသမိမြစ်ကမ်းရှိ ကင်းရွာ (မုတ္တမအပိုင် မွန်ဒေသ)တွင် နတ်ရွာစံခဲ့၍ အောင်ဇေယျ (၄၆) ဟု အမည် ပေးခြင်းလေလား။ (မှတ်တမ်းသမိုင်းတစ်ခုအရ (၁၃-၈-၁၇၁၄) သောကြာဖွား။ (၁၁-၅-၁၇၆၀) နတ်ရွာစံ၊ နန်းသက် (၈)နှစ် ဟူ၏ ။)

ဂျင့် ရေးသားတင်ပြထားသည့် အောင်ဇေယျ(၄၆) သည် ဝတ္ထုဟန်

အတ္ထုပ္ပတ္တိလား၊ အတ္ထုပ္ပတ္တိဟန် ဝတ္ထုလေလား၊ သေချာသည်ကား ရသ ရနံ့
မက်လုံးပါ ဝတ္ထုရှည်၊ အလောင်းဘုရား (အောင်ဇေယျ) အကြောင်းထက်
သူ့စစ်တပ်ရှိ တပ်မှူးသီဟနှင့် အောင်ဇေယျ၏ ဖွားဘက်တော်
အောင်နေယျ(ဆေးဆရာ ကလိထူး)၏ သမီး နန်းဝါးဝါးတို့၏ အချစ်ဇာတ်လမ်းမှ
ခေါင်းဆောင်ကျန်း ဥစ္စာစောင့်နှမ (၃)ဦးအပါအဝင် ဂမ္ဘီဆန်သော နာနာဘာဝ၊
ပရလောကတို့၏ ဖြစ်စဉ်ပြများအပါအဝင် သိချင်စရာ၊ လှို့ဝှက်ဆန်းကြယ်ဇာတ်
လမ်း၊ ထိုးဇာတ်ပါ မပါ၊ မသိသာနိုင်လည်း ဂျင့်၏ ယုတ္တိတန်စွာသော
ကရင်ပေစာထုပ်မှ ဖြစ်စဉ်များနှင့် ပြောပြသူ ဆင်ကျုံးရွာဆရာတော်
ဦးနန္ဒမာလာဆရာတော်။

ညော် - ရွှေဘို (မုဆိုးဖိုရွာ) နှင့် ဘားအံ (ဆင်ကျုံးရွာ) တို့၏ ဗမာ၊ ကရင်
ချစ်ခင်ရင်းနှီးမှု၊ အထူး သဖြင့် ကရင်ရိုးရာဒုံးကပွဲ၊ အော်ပွဲ (ဩပွဲခေါ် ဆအိုင်လောင်
သို့မဟုတ် တာခွတ်ပွယ်)၊ ကရင်ရိုးရာမင်္ဂလာပွဲ၊ မင်္ဂလာဖားစည်၊ အမင်္ဂလာဖားစည်
အပါအဝင် ကရင်တိုင်းရင်းဆေး လောကနှင့် ကရင်ဒေသ ဘုရားပွဲတော် များ၊
ဂျင့်သည် ယဉ်ကျေးမှုဝန်ထမ်းပီသစွာ ရှာပါးပြီး လူသိနည်းသော ကရင်လူမျိုးတို့၏
ရိုးရာဓလေ့ဖော် ထုတ်ပြမှုနှင့်အတူ ကုန်းဘောင်ဆက် အဦးဆုံး
ဘုရင်အလောင်းမင်းတရား၏ လူသိနည်းသော သမိုင်းဝင် အကြောင်းအချက်
အချို့အချို့တို့ကိုပင် ရသဝင်စွာ ရေးထုတ်နိုင်ပါသည်ဟု ဆိုချင်သည်။

အလောင်းမင်းတရား (ဦးအောင်ဇေယျ)နှင့်ပတ်သက်၍
သမိုင်းဆရာတို့၏ မှန်နန်း၊ ကုန်းဘောင် ဆက်ရာဇဝင်များထက် ရသနွယ်ဝတ္ထု
(သမိုင်းဝတ္ထု)အဖြစ် တက္ကသိုလ်မောင်သုလှိုင်၊ မြေလတ်မြတ်သူ စသူ တို့၏ ရသပါ
လုံးချင်းစာအုပ်များနှင့်အပြိုင် ယခု စာရေးဆရာ ဂျင့်၏ အောင်ဇေယျ (၄၆)သည်
တစ်နည်းအား ဖြင့် ရသပါဝတ္ထုဆန်သော အလောင်းမင်းတရား
ကုန်းဘောင်မင်းအစဦးအကြောင်းကို ကောင်းစွာ ရေးသား ပြနိုင်ပါ၏ ။
ယုတ္တိတန်စွာလည်း ကိုးကားစာ သမိုင်းအချက်အလက်နှင့် ဆက်စပ်ပြသနိုင်ပါ၏ ။

ယုံချင်ယုံ မယုံ ချင်နေနိုင်သည့် ပရလောက၊ နာနာဘာဝတို့၏ ဖြစ်စဉ်၊
ဥစ္စာစောင့်အကြောင်းလည်း အပါအဝင် ဝတ္ထုရှည် အသွင် တီထွင်ရေးပြနိုင်ပါ၏ ။
သူ၏ ရိုးရှင်းသော စကားပြေအရေးအသားတွင် တဏှာရန်၊ (မက်လုံးပေးတတ်
သောနည်း)များအဖြစ် ဘာစာသား၊ ဘာကဏ္ဍများ ပါဝင်ထားပါသနည်း။

အသင်စာဖတ်သူသည် အစအဆုံး တစ်ဆက်တည်း ဖတ်နိုင်၊ မနိုင်
(ဖတ်ကြည့်ချင်စိတ် ဆက်ရှိမရှိ) အတိုင်းအတာတစ်ခုခုဖြင့် ရှာဖွေမှု ပြုတတ်၊
တွေ့တတ်၊ ခံစားနားလည်တတ်လာပါစေသတည်း။ ဆရာဂျင့် -
လူကြီးလူကောင်းမို့လို့ အောင်ဇေယျ(၄၆) ဖြင့်လည်း အောင်မြင်ပါစေ။

ဦးမြင့်ကြိုင် (အောင်မိုးဆောင်း)

(အမျိုးသားနေ့ - ၂၇-၁၁-၂၀၁၃)

*

မှာတမ်းလွှာနှင့် ကျေးဇူးတင်လွှာ

ကျွန်တော်ငယ်စဉ်က ကျောက်သင်ပုန်းတွင် ဆရာမက အမှတ်ကြီးကြီးခြစ်ပေးလိုက်လျှင် အလွန် ပျော်ရွှင်မိသည်။ ကျောက်သင်ပုန်းကို လွယ်အိတ်ထဲထည့်လျှင် ပျက်သွားမည်စိုး၍ ခေါင်းပေါ်တင်၍ အိမ်သို့ အပြေးပြန်ကာ အိမ်ရောက်ရောက်ခြင်း အမေ့အားကြွားရသည်ကအမော၊ ကျောက်သင်ပုန်း၏ မျက်နှာပြင် နှစ်ဖက်စလုံး အမှန်ဖြစ်ထားသော မြေဖြူကြောင်းကြီးများကိုကြည့်၍ ကလေးသဘာဝ ပျော်ရွှင်ခဲ့သကဲ့သို့ ယခုကျွန်တော် အလွန်အလွန်ကို ပျော်ရွှင်နေပါသည်။

အကြောင်းမှာ ကျွန်တော်၏ ဝတ္ထုစာမူအား ကျွန်တော်အလွန်လေးစားချစ်ခင်ရပါသော ဆရာမောင် သန်းဆွေ (ထားဝယ်)နှင့် ဆရာဦးမြင့်ကြိုင်(အောင်မိုးဆောင်း) တို့မှ အမှာစာရေးပေးလိုက်သောကြောင့် ဖြစ်ပါသည်။ အမှာစာရေးပေးတာနဲ့ ဒါလောက်ပျော်ရသလားဟုမေးလျှင် ၎င်းအရာသာကို စာပေဝါသနာရှင် များက ပို၍ သိမည်ခံစားနိုင်မည် ထင်ပါသည်။ ဒီထက်ပို၍ ရှင်းမပြတက်ပါ။

ဆရာမောင်သန်းဆွေ (ထားဝယ်) ကို ညီလာခံတက်နေစဉ် သိကျွမ်းခဲ့ပါသည်။ ဆရာ၏ သမိုင်းနှင့် ဆက်စပ်နေသော ဆောင်းပါးများကို လွန်စွာနှစ်သက်ခဲ့ပါသည်။ သီပေါမင်း၏ ဒုတိယသမီးတော်အပေါ် ထားရှိသောဘောထားကို မကျေနပ်၍ အာပေါင်အာရင်းသန်သန်ဖြင့် ပြောဆိုနေသော ကျွန်တော့်အား ပြုံးပြုံးကြီး ပြန်လည်ဖြေရှင်းပေးနေသော ဆရာကြီး၏ ရုပ်ပုံလွှာကို အစဉ်မြင်ယောင်မိပါသည်။ ကြုံတိုင်း ဆရာကသူ၏ စာအုပ်ကို လက်ဆောင်ပေးလေ့ရှိပါသည်။ စာပေသမားများအဖို့ စာအုပ်လက်ဆောင်ရခြင်းကို အလွန်တန်းဖိုး ထားတက်ကြပါသည်။

ယခုအချိန်တွင် ဆရာသည် နိုင်ငံတော်အတွက်

တာဝန်ကြီးကြီးမားမားကို ထမ်းဆောင်နေရသော အချိန်ဖြစ်ပါသည်။
မအားမလပ်သောကြားတွင် ကျွန်တော်၏ ဝတ္ထုအား စေတနာရှေ့ထား၍
သုံးလေးကြိမ်ခန့် အပြန်ပြန်အလှန်လှန်ဖတ်ပြီး အမှာစာ ရေးပေးခဲ့သည့်အတွက်
အထူးကျေးဇူးတင်ရှိပါသည်။ ပြီးလျှင် ဆရာ ဦးမြင့်ကြိုင် (အောင်မိုးဆောင်း) ---

ကျွန်တော့်အားစာပေနယ်ပယ်သို့ ဝင်ရောက်နိုင်အောင်
ကူညီပံ့ပိုးပေးခဲ့သူ၊ ကျွန်တော် စာကြည့် တိုက်နှင့် ပြတိုက်တွင် ဦးစီးအရာရှိဘဝက
ကျွန်တော့်အား စာကြည့်တိုက်နှင့်ပက်သက်၍ သင်ကြားပေးခဲ့ သော
လက်ဦးဆရာဖြစ်ပါသည်။ ပြတိုက်နှင့်ပက်သက်၍ သင်ကြားပေးခဲ့သူမှာ
မနုဿကျော်ဝင်း ဖြစ်ပါ သည်။ ဆရာနှင့် ကာတွန်ဆရာမောင်ရွှေဝင်း၏
ကူညီမှုကြောင့် ယခုလိုစာပေလောကနှင့် ဆက်နွယ်လာ ခြင်းဖြစ်ပါသည်။

ကျွန်တော်အကြောက်ဆုံးမှာ သတ်ပုံမှားခြင်းဖြစ်ပါသည်။ ရှားရှားပါးပါး
မြန်မာစာတစ်ဘွဲ့တည်းသာ ရရှိထားသော ကျွန်တော့်မှာ မြန်မာစာနှင့်ပြီးပြီ
သတ်ပုံတောင်မမှန်ဘူးဟု ပြောဆိုခံရမည်မှာ အလွန်ရှက် ပါသည်။ ထို့ကြောင့်
စာပေရေးသားခြင်းကို ကြောက်ရွံ့ခဲ့ပါသည်။

ဘုန်းကြီးတစ်ပါး မိန့်ဖူးသကဲ့သို့ ယပင်းနဲ့ကျောင်းကျောင်း၊
ယရစ်နဲ့ကြောင်းကြောင်း ဘယ်သူမှဇရပ် လို့မဖတ်ဘူးဆိုသောစကားမှာ
ကျွန်တော်တို့ကဲ့သို့ ငပျင်းတွေအဖို့ အလွန်သဘောကျသော စကားဖြစ်သည်။

ဆရာက ကျွန်တော့်စာမူအား တစ်လုံးချင်း၊ တစ်ကြောင်းချင်း
စစ်လိုက်သောအခါ ... “အားပါး ပါး” ... ကျွန်တော်၏ ဝတ္ထုစာမျက်နှာပြင်များတွင်
စစ်မြေပြင်တွင် တိုက်ပွဲဖြစ်နေသည့်အလား မင်ခြစ်ရာများဖြင့် စာမျက်နှာတိုင်းနီးပါး
ရဲရဲနီ၍ နေပါသည်။ ပြည့်နှက်၍ နေပါသည်။ စာအုပ်ကိုကိုင်ဖို့ရန်ပင်
ကြောက်လန့်သွား သည်နှင့်အတူ ဆရာ၏ စေတနာကိုလည်း
အထူးလေးစားသွားသည်။ ဆရာသည် ဆရာတစ်ဦးဖြစ်ခဲ့ဖူးသကဲ့ သို့
ကျွန်တော်သည်လည်း ကျောင်းဆရာတစ်ဦး ဖြစ်ခဲ့ဘူးသည် မဟုတ်ပါလား။ ဆရာ၏

အတိုင်းအဆမရှိ သော စေတနာကို ချက်ချင်းမြင်တွေ့လိုက်သည်။

ကျွန်တော်သည် တိုင်းရင်းသားတစ်ဦးဖြစ်၍ ပြောဟန်ဆိုဟန်ကို တိုင်းရင်းသားအတိုင်းတွေး၍ ရေးသားလိုက်မိသဖြင့် မှားယွင်းမှုများ ရှိခဲ့ပါသည်။ စာပေဝေဖန်ရေးနှင့် ပတ်သက်လာလျှင် ပြတ်သားသော ဆရာ၏ သဘောထားကို သိထားသောကျွန်တော်သည် ဆရာ၏ အကြံပြုချက် အမှာစကားကို ရရှိလိုက်သ ဖြင့် အထူးကျေးဇူးဥပသကာရ တင်ရှိပါသည်။

ကျွန်တော်၏ ပထမဦးဆုံးဝတ္ထုဖြစ်သည့် “ကတ္တားနှင့် ကံကြားမှ ကြိယာရိုင်းများ” ဝတ္ထုစာမူကြမ်း များကို ဆရာဖတ်ပြီးပြီးချင်း ချက်ချင်းမြို့တော်မဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးခဲ့ပါသည်။ ဝတ္ထု၏ ရလဒ်ကား လက်ခံသူများရှိသကဲ့သို့ အပျိုကြီးအစ်မက သည်အရွယ်နဲ့ သည်ရာထူးနှင့် သည်ဝတ္ထုမျိုးကို ရေးရသလားဟူ ၍ တဖျစ်တောက်တောက်နှင့် ယခုတိုင်မရပ်သေး၊ အိမ်ကအမျိုးသမီးက သူ၏ ဝသီအတိုင်း ဝတ္ထုဖတ်လျှင် နောက်ဆုံးတစ်ရွက်သာဖတ်၏ ။ ကျွန်တော်ရဲ့ နောက်ဆုံးစာမျက်နှာကို ဖတ်ပြီး လုံးဝမကိုင်တော့ပါ။ အားပေး တာ အားပေးတာ။

သို့သော် မြန်မာ(ပို့စ်) ဂျာနယ်က အင်တာဗျူးရသည်အထိ ပရိတ်သတ်လက်ခံမှုအချို့ကို ရရှိခဲ့သဖြင့် အားပေးသူ စာဖတ်ပရိတ်သတ်အားလုံးအား အထူးကျေးဇူးတင်ရှိပါကြောင်း ဤစာစာမျက်နှာမှ ဖော်ပြအပ်ပါ သည်။

ယခု ဦးအောင်ဇေယျ (၄၆) သည် ဦးအောင်ဇေယျ၏ လေးဆယ်ခြောက်နှစ်အတွင်း အဖြစ်အပျက် များကို စာရေးသူ၏ စိတ်ကူး၊ သမိုင်းအထောက်အထားနှင့်ယှဉ်၍ ရေးသားထားခြင်းဖြစ်ပါသည်။ ဝတ္ထုပါ အဖြစ်အပျက်များကို လက်ခံချင်လည်းရသည်၊ လက်မခံချင်လည်းရသည်။ အမှားအယွင်းရှိပါက ကျွန်တော် ၏ အားနည်းချက်၊ ကျွန်တော်၏ တာဝန်သာဖြစ်ပါသည်။ လွန်ခဲ့သော ၂၅နှစ်ခန့်က ကင်းရှာသို့ ရောက်ရှိခဲ့ပြီး နောက်

ဦးအောင်ဇေယျအကြောင်းကို စိတ်ဝင်းစားခဲ့သော်လည်း ဆင့်ကဲဆင့်ကဲ
သက်ရောက်လာသော ပဋ္ဌာန်းဆက်များကြောင့် ဤဝတ္ထုအား
စိတ်ဝင်တစားရေးဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။

ဤဝတ္ထုကို ရေးသားရာ၌ စာရေးဆရာထွဋ်မင်းခေါင်း၏
“သမိုင်းထင်ရှားအလောင်းမင်းတရားနှင့် တတိယမြန်မာနိုင်ငံတော်” စာအုပ်အား
အထူးကိုးကားရေးသားခဲ့သဖြင့် ဆရာ့အား လူချင်းမမြင်ဘူးသော် လည်း
ဦးညွတ်ဂါရဝ ပြုအပ်ပါသည်။ ကျေးဇူးအထူးတင်ရှိပါသည်။

တည်းဖြတ်အမှာစာရေးပေးသော ဆရာသမားများနှင့်
မိတ်ဆွေသူငယ်ချင်းများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း
မြန်မာနိုင်ငံအတွင်းရှိ စာဖတ်ပရိသတ်အားလုံးနှင့် ညီလာခံမှ မိတ်ဆွေများအား
ကျွန်တော် ဂျင့်(ခ) (လူကြီး၊ လူကောင်း၊ မို့လို့၊ မောင့်ကို၊ ချစ်ပါကွယ်၊ ချန့်)မှ
ရေးသားထားသော စာပေများ အပေါ် ပွင့်ပွင့်လင်းလင်း အကြံပြုကြပါရန်
လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။

ဤစာအုပ်မထွက်မချင်း ကျွန်တော်၏ ဘေးပတ်ပတ်လည်တွင်
ဦးအောင်ဇေယျ၊ ကလိထူး၊ တပ်မှူး သီဟနှင့် နန်းဝါးဝါးတို့မှာ
ဝေ့ဝေ့ဝဲဝဲရှိနေဆဲဖြစ်ပါကြောင်း ...

ထပ်မံ၍ ကြိုးစားသွားပါမည် ဆက်လက်အားပေးကြပါရန် ...

စာဖတ်သူအပေါင်း ရွှင်လန်းချမ်းမြေ့ပါစေ

လေးစားလျက်

ဂျင့်

*

ဤဝတ္ထုတွင်

- အာဏာရှိတုန်းကတော့ ဘုရား၊ ဘုရားပေါ့ ။ အာဏာမရှိတော့ သွားပေါ့။

- အာဏာကို လိုချင်တဲ့သူဆိုရင် ကြိုဆိုရ၊ ပြုံးပြရနဲ့၊ ကိုယ့်အိတ်ထဲက စိုက်ရသေးတယ်။

- အဖေက အာဏာအစိတ်သားပဲရှိတာ၊ သူ့မိန်းမက ငါးဆယ်သား၊ သူသား၊ သမီးတွေက တစ်ပိသာ။

- ဦးအောင်ဇေယျဆိုတာ ရပ်မိရပ်ဖက တင်မြောက်လို့ ဘုရင်ဖြစ်လာတာ။

- ပြင်သစ်နဲ့ အင်္ဂလိပ်တွေက ကျုပ်တို့တိုင်းရင်းသားတွေဖြစ်တဲ့ ဗမာနဲ့မွန်တွေအပေါ်မှာ မရိုးသားဘူး။

- ကော့ဂွန်းဂူနဲ့ ဇင်းကျိုက်တောင်ကို မမင်းစိန်ဆိုတဲ့ သိုက်နန်းသခင်မက စောင့်ရှောက်တယ်တဲ့။

- လူရဲ့စိတ်ဓာတ်ကို သိချင်ရင် သူ့လက်ထဲကို အာဏာအပ်လိုက်ပါ။

- တော်စမ်းပါ ငချစ်ညို၊ အခွင့်အရေးဆိုတာ တစ်ခါပဲလာတယ်ဟဲ့ (ဒေါ်ဇံကုလား)

- အကျိုးရှိတာကို သိပါတယ်။ အတူတူပူးပေါင်းဆောင်ရွက်နိုင်ခြင်း မရှိသည့်အတွက် စိတ်မကောင်းပါ၊ ဝမ်းနည်းပါ၏ ။ (ငချစ်ညို) - အောင်မလေးနော် ... ဘုန်းကြီးတွေဖြစ်ပြီးတော့ တည့်တာ၊ မတည့်တာများ ရှိနေသေးတယ်လို့။

- ဘုရား .... ဘုရင်ကို နင်နဲ့ငါနဲ့ပြောရဲတဲ့ ဒီကရင်တော့ ဒုက္ခတော့ရောက်တော့မှာပဲ။

- အရှင်မင်းမြတ်ကို နင်နဲ့ငါနဲ့သုံးတာလည်း ရင်းနှီးမှုကိုပြတာဖြစ်ပြီး ကရင့်သတ္တိကိုပြချင်လို့ပါ။

- ထီးသုံးနန်းသုံးနဲ့ နေရပြောရတာ တယ်အာမတွေ့ဘူး၊ အရပ်သားဘဝနဲ့က ၃၇-နှစ် လောက်နေခဲ့တာ။

- ကဲ ...သံတော်ဆင့်အမတ်တို့ ... ဘာမှမပြောကြတော့ဘူလား။ မောင်မင်းတို့စခဲ့တဲ့ဇာတ်လမ်းလေ။

- ငါ့ယောကျ်ားအကြောင်း ငါသိတယ်တယ်ဟဲ့၊ ဗူးဆို ဖရုံမသီးတဲ့ မုဆိုးဘိုရွာသားဟဲ့။

- အောက်ခြေကတက်လာတဲ့လူလေ၊ မိုးကျွေကိုယ်မှမဟုတ်တာ (အလောင်းဘုရား)

- သူခိုးခိုးလို့ ပစ္စည်းပျောက်ရင် ဥစ္စာရှင်တွေကို သူကြီးက စိုက်လျော်ပေးရတယ်။

- နင်ကငါ့ကို တစ်ချိန်လုံးခိုးကြည့်နေတယ်ပေါ့ ဟုတ်လား ဟဲဟဲ၊ ထင်သားပဲ၊ နင်ကငါ့ကို ကြိုက်နေ လို့လား။ (တပ်မှူးလေးသီဟ) - ထန်းရည်တော့ သောက်ပါစေကွယ် ရိုးရာပဲ၊ ဒါမှ အမိုးလည်းအဖော်ရတာ ပေါ့။ (အမိုး) - “ရုပ်ချောချော၊ တောင့်တောင့်ဖြောင့်ဖြောင့် ယောကျ်ားလေးတွေဆိုရင် သူတို့မျက်နှာက ရေလာမြောင်း ပေးမျက်နှာ၊ ကျွန်တော်တို့လို ရုပ်စိုးစိုးဆိုရင် သူတို့မျက်နှာက မယ်ကုဝဏ်သံပုရာသီးစုပ်ထားသလိုပဲ” (ကရင်ဩပွဲ) - ခေါင်းဆောင်မရှိတဲ့ တိုင်းပြည်၊ အရည်အချင်းမရှိတဲ့မင်း အုပ်ချုပ်တဲ့တိုင်းပြည် ဘယ်သူကလေးစားပါ့မလဲ။

- မင်းတို့က လက်ရုံးရည်ထူးချွန်တဲ့သူတွေလေ၊ တိုင်းပြည်က အားကိုးရမဲ့သူတွေလေ၊ မင်းတို့သာ လမ်းမှန်ရောက်ရင် ..... (ဦးအောင်ဇေယျ) - သိက္ခာကျခံပြီး မင်းလက်အောက်မှာ မနေဘူး၊ မုဆိုးဘိုသားမာနရှိသလို

ခင်ဦးသားလည်း မာနနဲ့ပါ၊ ကျဆုံးသူတွေရဲ့ ခံစားချက်ကို မင်းဘယ်သိပါ့မလဲ (ငချစ်ညို) - နောင်တော်ကြီးကလည်း မယုံ၊ မြေဒူးမင်းကလည်း အမျက်တော်ရှပြီး သွေးစကား အချင်းချင်း ယုံကြည် နေကြပြီမို့ ကျွန်တော်မျိုးရဲ့အသက်ကို ဖက်နဲ့ထုပ်ထားရပါပြီ။ (ဗိုလ်တွန်) - မင်းကြီးအတွက် အသက်ပေးရဲတဲ့ သူရဲကောင်း၊ မင်းကြီးလွန်မှ အပြစ်ပေးခံရတယ်ဆိုတာ ရာဇဝင်ရိုင်း လှပါတယ်။ (ဗိုလ်တွန်) - နန်းတော်ထဲမှာ စည်းစိမ်အပြည့်နဲ့နေလို့ရပေမဲ့၊ နိုင်ငံတော်အတွက် တောထဲတောင်ထဲမှာ ဒုက္ခဆင်းရဲခံခဲ့ တဲ့ အလောင်းဘုရား။

- နန်းသက် ၈-နှစ်လောက်နဲ့ တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့တာဟာ .....

- စသောစသော ကရင့်ရိုးရာ မင်္ဂလာပွဲ၊ အော်ပွဲ (သြပွဲ)၊ ကော့ဂွန်းဘုရားပွဲများကို သိလိုပါသလား။

- အရက်ပေါတဲ့ ကရင်တောက မင်္ဂလာဆောင်

- အရက်ကို အိမ်ပေါ်တင်လို့မရတဲ့ ကရင်ရိုးရာမင်္ဂလာပွဲ၊

- ပရလောက ရှိ/မရှိ၊ ဥစ္စာစောင့်တွေ တကယ် ရှိ/ မရှိ

- ဦးအောင်ဇေယျ၏ မွေးဖွားချိန်မှ ကံတော်ကုန်ချိန် ၄၆-နှစ်အတွင်း နန်းတွင်းအဖြစ်အပျက်

- ရွှေဘိုကတပ်မှူးလေးနှင့် ဆင်ကျူးရွာသူ နန်းဝါးဝါးတို့၏ အဖြစ်အပျက်ကို သိချင်ပါက

“ဤဝတ္ထုအား ပြီးဆုံးအောင် ဖတ်လိုက်စမ်းပါ။”

*